THE University of Vermont HEALTH NETWORK

Alice Hyde Medical Center

# မူဝါဒ အကျဉ်းချုပ်

## ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပေးချေရာတွင် အကူအညီကို ရယူပါ

သင်လိုအပ်သော ပြုစုစောင့်ရှောက်မှုအတွက် ငွေကြေးကုန်ကျခံနိုင်အောင် ကူညီပေးရန် ကျွန်ုပ်တို့တွင် ငွေကြေးအကူအညီ ပရိုဂရမ် (Financial Assistance Program) တစ်ခု ရှိပါသည်။

## ငွေကြေးအကူအညီ ပရိုဂရမ်ဆိုသည်မှာ အဘယ်နည်း။

ကျွန်ုပ်တို့သည် အာမခံမရှိသူများအတွက် ငွေကြေးအကူအညီကို ကမ်းလှမ်းပါသည်။ အာမခံရှိပြီး အိတ်စိုက်ရှင်းငွေ ကုန်ကျစရိတ်များကို မပေးနိုင်သူများအတွက်လည်း အကူအညီကို ကျွန်ုပ်တို့ ကမ်းလှမ်းပါသည်။ ၎င်းကို ရှေ့ဆက်ပြုစုစောင့်ရှောက်မှုနှင့် အရေးပေါ်အခြေအနေများအတွက် အသုံးပြုနိုင်ပါသည်။ အကူအညီကို အတည်ပြုခံရစေရန် ပြုစုစောင့်ရှောက်မှုသည် သင့်ကျန်းမာရေးအတွက် ဆေးဘက်ဆိုင်ရာအရ လိုအပ်ခြင်း ဖြစ်ရပါမည်။

## မည်သူသည် ငွေကြေးအကူအညီကို ရရှိနိုင်ပါသနည်း။

သတ်မှတ်ချက်နှင့်ညီရန် -

- **အရည်အချင်းပြည့်မီမှုသည် ဝင်ငွေအပေါ် မူတည်ပါသည်။** လိုအပ်သော စာရွက်စာတမ်းများအတွက် လျှောက်လွှာတွင် ကြည့်ရှုပါ။
- **သင်သည် "နယူးယောက်ပြည်နယ်တွင် နေထိုင်သူ" ဖြစ်ရပါမည်** - ၎င်းတွင် ကျောင်းသားကျောင်းသူများ၊ နယူးယောက်ပြည်နယ်တွင် အလုပ်ခန့်အပ်ခံရသူများ၊ စာရွက်စာတမ်းမရှိသော ရွှေ့ပြောင်းနေထိုင်သူများ၊ နယူးယောက်ပြည်နယ်တွင် နေထိုင်သူသော်လည်း နေစရာ အတည်တကျ မရှိသူများ ပါဝင်ပါသည်။ ပြုစုစောင့်ရှောက်မှုသည် အရေးပေါ် ဖြစ်သည်မှလွဲ၍ ၎င်းတွင် ဧည့်သည်များ သို့မဟုတ် ခရီးသွားများ မပါဝင်ပါ။
- **သင့်ဝင်ငွေသည် ကန့်သတ်ချက်ထက် နည်းရပါမည်။** အခမဲ့နှင့် စရိတ်နည်းသော ပြုစုစောင့်ရှောက်မှုတို့အတွက် မတူညီသော ဝင်ငွေကန့်သတ်ချက်များ ရှိပါသည်။ ဇယားများကိုကြည့်ပါ။

# ဝင်ငွေကန့်သတ်ချက်များ

အောက်ပါဇယားများတွင် သင့်အိမ်ထောင်စု အရွယ်အစားနှင့် ဝင်ငွေကို ရှာဖွေပါ။ လူအများစုအတွက် သင့်အိမ်ထောင်စု အရွယ်အစားသည် သင့်အခွန်များတွင် ဖော်ပြထားသည့် လူအရေအတွက် ဖြစ်ပါမည်။ သင်က အခမဲ့ ပြုစုစောင့်ရှောက်မှု ရရှိရန် ဝင်ငွေများလွန်းနေပါက စရိတ်နည်းသော ပြုစုစောင့်ရှောက်မှုအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။

# အခမဲ့ ပြုစုစောင့်ရှောက်မှု

**သင့်အိမ်ထောင်စုဝင်ငွေသည် ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့် (Federal Poverty Level, FPL) ၏ 250% ထက် နည်းပါက <u>အခမဲ့ ပြုစုစောင့်ရှောက်မှု</u> (ပေးချေရန် $0) ကို သင်ရရှိနိုင်ပါသည်။** 2026 ခုနှစ်တွင် သင့်ဝင်ငွေသည် အောက်ပါတို့ထက်နည်းရန် လိုအပ်ပါမည် -

| အိမ်ထောင်စု အရွယ်အစား | အများဆုံးဝင်ငွေ |
|---|---|
| လူ 1 ဦး | $39,900 |
| လူ 2 ဦး | $54,100 |
| လူ 3 ဦး | $68,300 |
| လူ 4 ဦး | $82,500 |
| လူ 5 ဦး | $96,700 |
| လူ 6 ဦး | $110,900 |
| လူ 7 ဦး | $125,100 |
| လူ 8 ဦး | $139,300 |

# စရိတ်နည်းသော ပြုစုစောင့်ရှောက်မှု

**သင့်အိမ်ထောင်စု ဝင်ငွေသည် ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့် (FPL) ၏ 400% ထက်နည်းပါက သင်သည် လျှော့ဈေးတစ်ရပ်အတွက် သတ်မှတ်ချက်နှင့် ညီနိုင်ပါသည်။** 2026 ခုနှစ်တွင် သင့်ဝင်ငွေသည် အောက်ပါတို့ထက်နည်းရန် လိုအပ်ပါမည် -

| အိမ်ထောင်စု အရွယ်အစား | အများဆုံးဝင်ငွေ |
|---|---|
| လူ 1 ဦး | $63,840 |
| လူ 2 ဦး | $86,560 |
| လူ 3 ဦး | $109,280 |
| လူ 4 ဦး | $132,000 |
| လူ 5 ဦး | $154,720 |
| လူ 6 ဦး | $177,440 |
| လူ 7 ဦး | $200,160 |
| လူ 8 ဦး | $222,880 |

# ကြီးကြီးမားမား ထိခိုက်မှုအတွက် ပြုစုစောင့်ရှောက်မှု

သင့်ဝင်ငွေသည် အခမဲ့ သို့မဟုတ် စရိတ်နည်းသော ပြုစုစောင့်ရှောက်မှုအတွက် သတ်မှတ်ချက်နှင့်ညီရန် များလွန်းနေသော်လည်း သင်က ဆေးရုံကို ငွေအများအပြား အကြွေးတင်နေလျှင် ကြီးကြီးမားမား ထိခိုက်မှု (ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်း) အတွက် ပြုစုစောင့်ရှောက်မှုအကြောင်း ကျွန်ုပ်တို့ကို မေးမြန်းပါ။ ကြွေးကျန်သည် နှစ်စဉ်အိမ်ထောင်စု ဝင်ငွေ၏ 20% ထက်ပိုများသော လူနာများအတွက် ဤအကူအညီ အမျိုးအစားကို ရရှိနိုင်ပါသည်။ **သင်ရရှိနိုင်ခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် ကျွန်ုပ်တို့ ကူညီပေးနိုင်ပါသည်။**

*ကျောဘက်တွင် နောက်ထပ် အချက်အလက်များ ရှိပါသည်*

## အကျုံးဝင်သော ဝန်ဆောင်မှုများ

- အရေးပေါ်ခန်း တစ်ခန်းတွင် ပြုလုပ်ပေးသော အရေးပေါ် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ၊
- အလျင်အမြန် မကုသပါက လူတစ်ဦး၏ ကျန်းမာရေးအခြေအနေအတွက် အန္တရာယ်ရှိသော အပြောင်းအလဲတစ်ခုကို ဖြစ်စေနိုင်သည့် အခြေအနေတစ်ခုအတွက် အရေးတကြီး ဝန်ဆောင်မှုများ၊
- စိတ်ကြိုက်အချိန်ရွေးချယ်နိုင်ပြီး ဆေးဘက်ဆိုင်ရာအရ လိုအပ်သော ဝန်ဆောင်မှုများ

## အကျုံးမဝင်သော ဝန်ဆောင်မှုများ

- အလှအပဆိုင်ရာ/ပလတ်စတစ် ဝန်ဆောင်မှုများ
- သန္ဓေမအောင်မှု/သန္ဓေအောင်မှု ဝန်ဆောင်မှုများ
- ဆေးဘက်ဆိုင်ရာအရ မလိုအပ်သော ပြုစုစောင့်ရှောက်မှု
- သုတေသန / စမ်းသပ်နေသော ဝန်ဆောင်မှုများ
- ဝန်ဆောင်မှုကို အရေးပေါ်ခန်း တစ်ခန်းတွင် ပေးသည်မှလွဲ၍ နိုင်ငံတကာ လူနာကို ပြုစုစောင့်ရှောက်မှု။ နေထိုင်သူမဟုတ်ဘဲ ဧည့်သည်အဖြစ် သတ်မှတ်ထားပါသည်

## လျှောက်ထားပုံ

ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို သင်မရယူမီ သို့မဟုတ် ရယူပြီးနောက်တွင် လျှောက်ထားနိုင်ပါသည်။ ဝန်ဆောင်မှုများကို ရရှိပြီးနောက်တွင် သင်လျှောက်ထားပါက ပထမဆုံး ငွေတောင်းခံလွှာကို ရရှိပြီးနောက် တစ်နှစ်အတွင်း သင်လျှောက်ထားရပါမည်။

### ဤအဆင့်များကို လိုက်နာပါ -

1. **အခမဲ့ လျှောက်လွှာတစ်စောင် ရယူပါ။**
   - လူကိုယ်တိုင် - 10 Third Street, Malone, NY 12953
   - အွန်လိုင်း - ငွေကြေးအကူအညီ | University of Vermont Health
   - ဖုန်း - (518)481-2241 သို့ ခေါ်ဆိုပါ
2. **လျှောက်လွှာကို ဖြည့်ပါ။** မည်သည့်ကဏ္ဍကိုမျှ အလွတ်မထားခဲ့ပါနှင့်။ လျှောက်လွှာတွင် မှတ်ချက်ပြုထားသည့်အတိုင်း အထောက်အကူပြုသော စာရွက်စာတမ်းများကို ထည့်သွင်းပါ။
3. **ဖြည့်စွက်ပြီးသော လျှောက်လွှာကို ကျွန်ုပ်တို့အား ပေးပါ သို့မဟုတ် ကျွန်ုပ်တို့ထံ ပေးပို့ပါ။**
   - လာပေးရမည့်နေရာမှာ - 10 Third Street
     Malone, NY 12953
   - စာပို့ရမည့်နေရာမှာ -

     University of Vermont Health Network
     Financial Assistance Program
     Patient Access Department IDX 22052
     111 Colchester Avenue
     Burlington, VT 05401

### နောက်ထပ် ဘာဖြစ်မည်နည်း။

လာမည့်ရက်ပေါင်း 30 အတွင်း ကျွန်ုပ်တို့ထံမှ စာလွှာတစ်စောင်ကို သင်ရရှိပါမည်။ ၎င်းတွင် သင့်ကို အတည်ပြုလိုက်ကြောင်း၊ ငြင်းပယ်လိုက်ကြောင်း သို့မဟုတ် နောက်ထပ်အချက်အလက် ပေးပို့ရန် လိုအပ်ကြောင်း ဖော်ပြထားပါမည်။

သင့်လျှောက်ထားမှုကို ငြင်းပယ်လိုက်ပါက ဆုံးဖြတ်ချက်ကို သင်အယူခံဝင်နိုင်ပါသည်။ အယူခံဝင်ရန် တောင်းဆိုမှုများကို တောင်းဆိုမှု ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း 60 အတွင်း စာဖြင့်ရေးသားကာ Patient Financial Assistance ထံသို့ ပေးပို့သင့်ပြီး အယူခံဝင်ရသည့် အကြောင်းရင်း ပါဝင်ရပါမည်။

## လျှောက်လွှာကို ဖြည့်စွက်ရာတွင် အကူအညီ ရယူပုံ

- **ကျွန်ုပ်တို့၏ ငွေကြေးဆိုင်ရာ အတိုင်ပင်ခံခြင်းရုံးသို့ သွားရောက်ပါ -**
  10 Third Street, Malone, NY 12953
- **ဖုန်းခေါ်ဆိုပါ -** (518) 481-2241

## အခမဲ့ ဘာသာစကား ကူညီပံ့ပိုးမှု

ဆက်သွယ်ပြောဆိုမှု သို့မဟုတ် ဘာသာစကား လိုအပ်ချက်ရှိသူများအတွက် အခမဲ့ အကူအညီကို ကျွန်ုပ်တို့ ပေးအပ်ပါသည်။ ဤအချက်အလက်ကို အခြားသော နည်းလမ်းများဖြင့် လိုအပ်သူများကိုလည်း ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။ စကားပြန်နှင့် ဘာသာပြန် ကူညီပံ့ပိုးမှုအတွက် (518) 481-2241။

## နောက်ထပ်အချက်အလက်

### ငွေကြေးအကူအညီကို မည်သူက လက်ခံသနည်း။

ဝန်ဆောင်မှုပေးသူများ အားလုံးသည် ကျွန်ုပ်တို့၏ ငွေကြေးအကူအညီ မူဝါဒတွင် အကျုံးမဝင်ပါ။ ကျွန်ုပ်တို့၏ စာရင်းကို ဤနေရာတွင်ကြည့်ပါ - ငွေကြေးအကူအညီ စာရင်း | University of Vermont Health။ သင့်ဆရာဝန် အကြောင်းကိုလည်း ကျွန်ုပ်တို့ကို မေးမြန်းနိုင်ပါသည်။

### မူဝါဒ အပြည့်အစုံကို ဖတ်ရှုပါ

ဤအရာသည် ကျွန်ုပ်တို့၏ ငွေကြေးအကူအညီ မူဝါဒအကြောင်းကို ရိုးရှင်းသော အသုံးအနှုန်းဖြင့် အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မူဝါဒ အပြည့်အစုံမှာ ဤနေရာတွင် ရှိပါသည် - ငွေကြေးအကူအညီ | University of Vermont Health

## ခွဲခြားဆက်ဆံမှု မရှိခြင်း

ကျွန်ုပ်တို့သည် လူမျိုး၊ အသားအရောင်၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု၊ လိင်အမျိုးအစား ခံယူချက်၊ အိမ်ထောင်ရေး အခြေအနေ၊ ကိုးကွယ်ရာဘာသာ၊ ဆင်းသက်လာသည့်မျိုးနွယ်၊ ဇာတိနိုင်ငံ၊ နိုင်ငံသားဖြစ်မှု၊ ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ၊ အဓိက ဘာသာစကား၊ မသန်စွမ်းမှု၊ ဆေးဘက်ဆိုင်ရာ အခြေအနေ သို့မဟုတ် မျိုးဗီဇ အချက်အလက်အပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း <u>မပြုလုပ်ပါ</u>။